# သီလရှင်စကား

အကျွန်ုပ် စိတ်နှလုံးသည် စကားတော်ကို
ကြောက်ရွံ့ပါ၏။ ဆာလံ ၁၁၉း၁၆၁

အမှတ်စဉ် (၃၁) မတ်လ ၂၀၀၄ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချီသည် )

ကျွန်မ ဟာ ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှာ စင်ကာပူကို ရောက်လာပါတယ်။ စင်ကာပူ လေဆိပ်ကိုလဲ ရောက်ရော ကျွန်မရဲ့ တစ်ယောက်ထဲ နေတတ်တဲ့ အကျင့်ကြောင့် သူများတွေသွားတဲ့ လမ်းကို လိုက်ဖို့မေ့သွားပြီး ကိုယ်သွားချင်တဲ့ လမ်းကို လျှောက်သွားမိတော့ **Immegration counter** ကို ရှာလို့ မတွေ့တော့ဘူး။ အင်္ဂလိပ်လိုကလဲ မတတ်တခေါက်ဆိုတော့ မေးချင်တာလဲ မေးလို့မရဘူး။ အဲဒီမှာ တဝဲလည်လည်ဖြစ်နေတုံး စင်ကာပူ လေဆိပ် အကောက်ခွန် အရာရှိတစ်ယောက် နဲ့တွေ့ပြီး သူ့ရဲ့ ဟန်းဖုန်းနဲ့ဘဲ ကျွန်မရဲ့ ဝမ်းကွဲအစ်ကို နဲ့ အဆက်အသွယ်ရသွားတယ်။ အဲဒီ အကောက်ခွန်အရာရှိကဘဲ **Immegration counter** ကိုလိုက်ပို့ပေးပါတယ်။ ပွဲစားနဲ့တွေ့တော့ တော်တော် နောက်ကျနေပြီပေါ့။

အဲဒီတုံးက ကျွန်မက ယုံကြည်သူတစ်ယောက် မဟုတ်သေးပါဘူး။ ကျွန်မရဲ့ ဝမ်းကွဲ အစ်ကိုကတော့ ယုံကြည်သူ တစ်ယောက်ပါ။ နောက်တစ်နေ့မှာ ကျွန်မ




အလုပ်ထဲ အစ်ကို ရောက်လာပြီး ယုဒသန်နှစ်ခြင်းအသင်းတော် (စင်ကာပူ) ရဲ့ ရုံပုံငွေ ဈေးရောင်းပွဲတော်ကို ခေါ်သွားပါတယ်။ အဲဒီနေရာမှာ မြန်မာ ပြည်က လူတွေ၊ မြန်မာ အစားအစာတွေ အများကြီးရှိပေမဲ့ ကျွန်မ ဗိုက်မဆာပါဘူး။ ကြုံတွေ့ရမဲ့ ပြဿနာတွေကိုတွေးပြီး ရင်ပူနေမိပါတယ်။ ကျွန်မ ပွဲစားအိမ်မှာ ၅ ရက် နေပြီးမှ အလုပ်စ ဝင်ရပါတယ်။

ဘဝရဲ့ လေ့ကျင့်ခန်းက အဲဒီမှာဘဲ စပါတယ်။ တစ်ခါမှ အလုပ် မလုပ်ဖူးတော့ အလုပ်ရှင်တွေရဲ့ သဘောထားကိုလဲ မသိသလို လူတွေနဲ့လဲ အလိုက်အထိုက် မနေတတ်ပါဘူး။ အလုပ်ရှင်အတွက် ရေချိုးဖို့ ရေပူ၊ ရေအေး စပ် ပေးတာ မစပ်တတ်လို့ စပြီး အဆူခံ ထိပါတယ်။ အိမ်ရှင် ဆရာမကလဲ သင်ပေးပါတယ်။ အိမ်အလုပ်က လုပ်နေကျဆိုတော့ သိပ်မများပေမဲ့ အချက် အပြုတ်မှာတော့ ခနခန မှားလေ့ရှိတယ်။ နေ့တိုင်းလိုလို အဆူခံ ထိတယ်။ မနက်အိပ်ယာက ထရင် ဒီနေ့တော့ ငါ ဘာ ပြဿနာနဲ့ တွေ့မလဲ မသိဘူးလို့ ကိုယ့်ကိုယ်ကို ပြောလေ့ရှိသလို၊ ညအိပ်ယာ ဝင်ရင်လဲ ဒီနေ့တော့ ပြီးသွား ပြန်ပြီလို့ ပြောလေ့ရှိပါတယ်။

၁၉၉၈ ဒီဇင်ဘာလ ပထမ အပါတ်ဟာ ကျွန်မရဲ့ ပထမ ဦးဆုံး အပြင်ထွက်ခွင့် ရတဲ့နေ့ဖြစ်ပါတယ်။ ကျွန်မရဲ့ အစ်ကို တစ်ဝမ်းကွဲနဲ့ အတူ ယုဒသန် နှစ်ခြင်းအသင်းတော် (စင်ကာပူ) ရဲ့ ဝတ်ပြုကိုးကွယ်ချိန်ကို ပထမဆုံးအကြိမ် ရောက်ရှိလာခဲ့ပါတယ်။ သူများတွေက နင်က ခရစ်ယာန်လားလို့ မေးရင် ကျွန်မက ဟုတ်တယ်လို့ ပြန်ဖြေလေ့ရှိပါတယ်။ တနည်းပြောရရင် ကျွန်မဟာ ခရစ်တော်ကို နှလုံးသားနဲ့ လက်မခံဘဲ၊ နှုတ်နဲ့ဘဲ ဝန်ခံခဲ့တဲ့ အယောင်ဆောင် ခရစ်ယာန် တစ်ယောက်ဘဲ ဖြစ်ပါတယ်။

ဘုရားကျောင်းက ပြန်လာပြီး အိမ်ပြန်ရောက်လို့ အလုပ်ဆက်လုပ်တော့လဲ အမှားအယွင်း အမျိုးမျိုးနဲ့ ဘဲပေါ့။ အဲဒီအိမ်မှာ ကျွန်မ ပြဿနာ စဖြစ်တဲ့အချိန်ကို မှတ်မိပါသေးတယ်။ တရုတ်နှစ်သစ်ကူး နေ့တစ်နေ့မှာပေါ့၊ ကျွန်မရဲ့ အိမ်ရှင်ဆရာမနဲ့ မိသားစုက နှစ်သစ်ကူးနေ့မှာ မိဘဆွေမျိုးတွေ အိမ်ကို သွားမယ် ဆိုပြီး အင်္ကျီအသစ် သွားလဲခိုင်းပါတယ်။ ကျွန်မ စိတ်ထဲမှာ ငါက မြန်မာပြည်ကလာတဲ့ အိမ်ဖော်တစ်ယောက်ဘဲ စင်ကာပူနိုင်ငံသား တရုတ်တွေကြားမှာ အဝတ်အစား အကောင်းစားနဲ့ တောက်တောက် ပြောင်ပြောင် ဝတ်သွားရင် မသင့်တော်ပါဘူး။ ငါ့အဆင့်အတန်းနဲ့ လူမြင်လို့ သင့်တော်မဲ့ ခပ်နွမ်းနွမ်း အဝတ်လေးဘဲ ဝတ်သွားမယ်လို့ စိတ်ကူးပြီး ဝတ်သွားလိုက်ပါတယ်။ အဝတ်လဲပြီး အခန်းထဲက ထွက်လာတော့ ကျွန်မရဲ့ အိမ်ရှင် ဆရာမက ကျွန်မရဲ့ အဝတ်ကို ကြည့်ပြီး တအားစိတ်ဆိုးသွားပါတယ်။ သူ့မိတ်ဆွေတွေ ရှေ့မှာ ကျွန်မရဲ့ မကောင်းကြောင်းတွေကို ပြောပြပါတယ်။ သူစိတ်ဆိုးမှန်း သိလို့ ကျွန်မသူ့ကို ဒူးထောက်ပြီး တောင်းပန်ပါတယ်။ ကျွန်မ အလုပ် မပြုတ်ချင်သေးဘူး၊ နောက်မမှားအောင် ကြိုးစားပြီး လုပ်ပါ့မယ်လို့ တောင်းပန် ပါတယ်။ ကျွန်မရဲ့ အိမ်ရှင် ဆရာမက ကျွန်မကို သူမကြိုက်တဲ့ အချက်တွေ အများကြီးနဲ့ ( တကိုယ်ကောင်းဆန်ခြင်း၊ ကလေးများနှင့် ရင်းရင်းနှီးနှီး မနေခြင်း)ဆိုတဲ့ အချက်တွေနဲ့ အပြစ်တင်ပြီး အလုပ်ဖြုတ် လိုက်ပါတယ်။ အဲဒီ အိမ်မှာ ကျွန်မ ၄လလောက် အလုပ်လုပ်ခဲ့ရပါတယ်။

အဲဒီနေ့မှာဘဲ ဒုတိယမြောက် အလုပ်ဖြစ်တဲ့ နောက် အိမ်တစ်အိမ်မှာ အလုပ် ဆက်လုပ်ရပါတယ်။ အိမ်ရှင်ဆရာနဲ့ ဆရာမက သိပ်ငြင်သာပါတယ်။ ဒါပေမဲ့ ကလေးတွေက ကျွန်မကို လုံးဝ မကြိုက်ပါဘူး။ ကျွန်မ မတိုင်ခင်က လုပ်သွားတဲ့ ဖိလစ်ပိုင် အိမ်ဖော်မ ကိုဘဲ တမ်းတ နေကြပါတယ်။ ကျွန်မကလဲ ကလေးသိပ် မထိန်းတတ်တော့ ထမင်းခွံ့ကျွေးတာတို့ ဆေးတိုက်တာတို့ လုပ်ရင် အခက်အခဲတွေ့ပါတယ်။ တစ်နေ့တော့ အိမ်ရှင်ဆရာနဲ့ ဆရာမက ကျွန်မကို ဟောင်ကောင်ကို အလည် ခေါ်သွားမယ်လို့ ပြောပါတယ်၊ ကျွန်မ သိပ်ပျော်တာပေါ့။ ဆရာမက အလုပ်တွေ မပြတ်သေးလို့ နောက်တစ်ပါတ်လောက်မှ ဟောင်ကောင်ကို လိုက်ခဲ့မှာ မို့ ဆရာရယ် သူ့ကလေး နှစ်ယောက်နဲ့ ကျွန်မတို့ အရင် ထွက်လာခဲ့ပါတယ်။ ဟောင်ကောင် လေဆိပ်မှာ ကျွန်မရဲ့ ပတ်စပို့ နဲ့ ပါတ်သက်ပြီး ပြဿနာ ဖြစ်လို့ ၂နာရီလောက်ကြာသွားပါတယ်။ ဆရာက ဒဏ်ငွေ ပေးလိုက်တော့မှ ဝင်ခွင့်ရသွားတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဆရာ ကျွန်မကို တော်တော်စိတ်ဆိုးသွားတယ်၊ တည်းမဲ့ ဟိုတယ်ကို တက္ကစီ မငှားဘဲ ရထားတတန်၊ လိုင်းကားတစ်တန် စီးပြီး သွားပါတယ်။ ကလေးနှစ်ယောက်နဲ့ အဝတ်အိတ်အကြီးကြီးတွေကို မနိုင့်တနိုင်သယ်ပြီး သွားရတာ ကျွန်မ တော်တော်ဒုက္ခရောက်ပါတယ်။ တည်းရမဲ့ ဟိုတယ်ကို တော်တော်လျှောက်ရပါတယ်။ ဟိုတယ် ရောက်တော့ ဆရာက ကျွန်မ ဟောင်ကောင်မှာ ၃ရက်ဘဲ နေရမယ်၊ တနင်္လာနေ့ ဆိုပြန်ရမယ်လို့ ပြောပါတယ်။ တနင်္ဂနွေနေ့မှာ ဘုရားကျောင်း သွားတက်တယ်၊ သူ့ သူငယ်ချင်းတွေအိမ်ကို သွားလည်တယ်။ ဈေးထွက်ဝယ်ပါတယ်။

ဈေးထဲမှာ ဆရာနဲ့ သူ့သားက ကျွန်မနဲ့ သမီးအငယ်လေးကို တစ်နေရာမှာ ထားခဲ့ပြီး အပြင်ခန ထွက်သွားတဲ့အချိန်မှာ သူ့သမီးအငယ်မက သူ့အဖေနောက် လိုက်ချင်တယ်လို့ ပူဆာပါတယ်။ ကျွန်မ က ပေးမသွားတော့ ကလေးမလေးက ကျွန်မရဲ့ ပါးကို ၄ချက်လောက်ရိုက်ပြီး ရန်တွေ့ပါတယ်။ အဲဒီအချိန်မှာ ဆရာနဲ့ သူ့သား ပြန်ရောက်လာပါတယ်။ ကျွန်မတို့ နှစ်ယောက်ကို ဘာဖြစ်တာလဲလို့ မေးတယ်။ ကျွန်မက ရှင်းပြပေမဲ့ သူတို့ ကျွန်မကို နားမလည်ကြပါဘူး။ နောက်နေ့မှာ ကျွန်မ တစ်ယောက်တည်း စင်ကာပူကို ပြန်လာပါတယ်။ ဆရာမက ချိန်ဂီလေဆိပ်မှာ လာကြိုပါတယ်။ သူ့ယောကျာ်းက ဖုန်းနဲ့ လှမ်းတိုင်ထားနှင့်ပြီ

MIN AUNG THET LWIN 4 TUAS AVE 10 SINGAPORE 639128

ဖြစ်တဲ့အတွက် အိမ်ပြန်ရောက်တော့ ဆရာမက ကျွန်မကို ကြည့်ပြီး သက်ပြင်းအရှည်ကြီး ချပါတယ်။ ဆရာမ အဲဒီလိုသက်ပြင်းချတာ ကျွန်မ တစ်ခါမှ မတွေ့ဖူးပါဘူး။ နောက်တော့ ဆရာမက ကျွန်မကို သူက ကြိုက်ပေမဲ့ ကျွန်မက ငယ်သေးတော့ သူ့ကလေးတွေကို ကောင်းကောင်း မထိန်းနိုင်တဲ့အတွက် ပွဲစားကိုခေါ်ပြီး အသက်ကြီးကြီး အိမ်ဖော်နဲ့ ကျွန်မကို ပြန်လဲမယ်လို့ ပြောပါတယ်။ အဓိပ္ပာယ်ကတော့ သူ ကျွန်မကို အလုပ်ဖြုတ်လိုက်ပြီပေါ့။

အဲဒီအချိန်မှာ ကျွန်မ မျက်နှာကို လက်နှစ်ဘက်နဲ့ အုပ်ပြီး ဆရာမကို စကားတစ်ခွန်း ပြန်ပြောခဲ့ပါတယ်။ ငါအိမ်တွေ အများကြီး မပြောင်းချင်ဘူး၊ နင့်အိမ်မှာ ကြိုးစားပြီး နေပါ့မယ်လို့… ပြောရင်း ငိုချလိုက်ပါတယ်၊ ငိုရင်းနဲ့ အထုတ်ပြင်တာ တစ်နာရီလောက် ကြာသွားပါတယ်။ ဒုတိယအိမ်မှာ ၃လ နဲ့ ၉ရက် နေခဲ့ရပါတယ်။

ပွဲစားအိမ်ရောက်တော့ ည ၉နာရီကျော်နေပါပြီ။ အဲဒီညက ကျွန်မ အိပ်မပျော်ပါဘူး။ တတိယမြောက် အလုပ်ရှင်ကို လိုက်ရှာရအုံးမယ်။ ပွဲစားအိမ်မှာ နေပြီး အလုပ်ရှာနေတုံး နင်မြန်မာပြည်ကို ပြန်မလားလို့ ပွဲစားက မေးပါတယ်။ ကျွန်မက မပြန်ချင်သေးကြောင်း ပွဲစားခ အကြွေးမကျေသေးကြောင်း အကြောက် အကန်ငြင်းလိုက်ပါတယ်။ တတိယမြောက် အလုပ်ရှင်နဲ့ တွေ့တဲ့အချိန်မှာ ကျွန်မဟာ စင်ကာပူက အလုပ်ရှင်တွေရဲ့ သဘောကို နောကျေသွားတဲ့အတွက် ဝတ်ကျေ တန်းကျေလောက်ဘဲ ဆက်ဆံပြီး အလုပ်ကိုလဲ စေတနာမပါဘဲ တာဝန်ကျေပြီးရော သဘောမျိုးလုပ်ခဲ့ပါတယ်။ အရင် အလုပ်ရှင် ဆရာမတွေကို ကျွန်မ သိပ်ချစ် သလောက် အခုနောက်ဆုံး အလုပ်ရှင် ဆရာမကို ကျွန်မ အရမ်းမုန်းပါတယ်။ ကျွန်မဟာ ကြေးစားအလုပ်သမားတစ်ယောက်လို ဘာကိုမှ အကောင်းမမြင်ဘဲ ပေကပ်ကပ် ဂျစ်တစ်တစ်နဲ့ အလုပ်လုပ်ခဲ့ပါတယ်။


ကျွန်မ ကိုယ့်ကိုယ်ကို ပြန်ပြီး သုံးသပ်မိတော့ စိတ်မကောင်း ဖြစ်မိပါတယ်။ သခင်ယေရှုကို ပထမဆုံးအကြိမ် စကားစပြောမိပါတယ်။ သခင် ကိုယ်တော်ဟာ ကယ်တင်ပိုင်ရှင် ဘုရားသခင် မှန်တယ်ဆိုရင် ကျွန်မကို ဒီအတိုင်း အသက်ဆက် မရှင်ခိုင်းပါနဲ့၊ ကျွန်မရဲ့ အသက်တာကို ပြောင်းလဲဖို့ လမ်းဖွင့်ပေးတော်မူပါလို့ ဆုတောင်း ခဲ့ပါတယ်။ အဲဒီတုံးက ကျွန်မဆီမှာ ကျမ်းစာအုပ် တစ်အုပ်ရှိတယ်။ ကျွန်မ တစ်ဝမ်းကွဲအစ်မရဲ့ ယောက်ျားဆီက ခဏငှားထားတဲ့ စာအုပ်ဖြစ်ပါတယ်။ ကျွန်မ ကျမ်းစာအုပ်ကို စပြီးဖွင့်ဖတ်ပါတယ်။ ကျွန်မ နှလုံးသားထဲကို အရင်ဆုံး တိုးဝင်လာတဲ့ ကျမ်းချက်ကတော့ …

**သူတစ်ပါးသည် ကျွန်ုပ်တို့ကို ပြစ်မှားသော အပြစ်များကို ကျွန်ုပ်တို့သည် လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏ အပြစ်များကို လွှတ်တော်မူပါ။ မဿဲ ၆း၁၂**

ဘဲဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ကျွန်မရဲ့ တတိယမြောက် အလုပ်ရှင် ဆရာမကို ရန်သူလို မသတ်မှတ်ချင်တော့ပါဘူး။ ဆရာမကို နားလည်ဖို့နဲ့ တစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံရေး အဆင်ပြေဖို့ ဆုတောင်းလိုက်ပါတယ်။ အဲဒီနောက်မှာတော့ ကျွန်မရဲ့ အလုပ်ရှင်က သူ့ဘဝအကြောင်း ပြောပြပါတယ်။ တရုတ်လူမျိုးတွေရဲ့ အယူအဆအရ သမီးမိန်းကလေးကို မလိုချင်တဲ့ အတွက် မိဘတွေရဲ့ ချစ်ခြင်းမေတ္တာကို အပြည့်အဝ မရခဲ့ပါဘူး။ ဒီလောကကြီးထဲမှာလဲ သူအမုန်းဆုံးလူဟာ သူ့အမေဘဲလို့ ပြောခဲ့ပါတယ်။ သူ့အမေက သူအပြင် မထွက်ရဲလောက်အောင် သူ့မကောင်းကြောင်းတွေ လိုက်ပြောခဲ့တယ်။ ကျွန်မ အလုပ်ရှင်ဆရာမရဲ့ စကားကိုကြားလိုက်ရတဲ့ ကျွန်မဟာ တော်တော်လေး တုန်လှုပ် သွားမိပါတယ်။ ဘုရားသခင်က အဲဒီအချိန်မှာ ကျွန်မရဲ့ နှလုံးသားကို ပြုပြင်နေပါတယ်။ ဆရာမက သူ့အကြောင်းကို ဆက်ပြောပြပါတယ်။ အခုတော့ သူ့အမေကို သခင်ယေရှုရဲ့ နာမနဲ့ ခွင့်လွှတ်ဖို့ တောင်းခံထားတဲ့အတွက် အခုဆိုရင် တော်တော်လေး သက်သာရာရနေပြီလို့ ပြောပါတယ်။ အဲဒီလိုပါဘဲ ကျွန်မတို့ရဲ့ အသက်တာမှာ သခင်ယေရှုကို ဗဟိုမှာ မထားရင် သခင်ယေရှုပြောခဲ့တဲ့ သင်၏ရန်သူကို ချစ်လော့ဆိုတဲ့ ကျမ်းစကားကို လိုက်လျှောက်ဖို့ တော်တော် ခက်ခဲပါလိမ့်မယ်။

အခုဆိုရင် ကျွန်မ ဒီအိမ်မှာနေတာ ၅နှစ်ပြည့်တော့မယ်။ အခုလို အချိန်ကြာကြာ အလုပ်လုပ်ခွင့်ရခြင်းဟာ ကျွန်မ တော်လို့၊ တတ်လို့၊ ကောင်းလို့ မဟုတ်ပါဘူး။ ကျွန်မရဲ့ ဆရာနဲ့ ဆရာမက ကျွန်မကို အချိန်ပေးပြီး ပြောင်းလဲတဲ့ သူတစ်ယောက်ဖြစ်အောင် ပြုပြင်ပေးကြလို့ပါဘဲ။ ကျွန်မ အရင်က ပြောပြောနေတဲ့ ဆရာမကို မုန်းတယ်ဆိုတဲ့ စကားကို ပြန်တွေးမိရင် သိပ်ရှက်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ ကောင်းမြတ်မှုတွေက သိပ်များနေလို့ပါဘဲ။ ကျွန်မကို မလေးရှား ခေါ်သွားဖို့ မလေးရှားသံရုံးမှာလဲ လူများတဲ့ကြားက မိုးရွာမရှောင်၊ နေပူမရှောင်ဘဲ စိတ်ရှည်ရှည်နဲ့ စောင့်ပေးခဲ့တယ်။


ဆရာမတို့ ဇနီးမောင်နှံရဲ့ ပုံသက်သေကောင်းမှုကြောင့် မကြာခင်မှာဘဲ ကျွန်မဟာ ခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံလိုက်ပါတယ်။ ပြီးတော့ ၃-၁၁-၂၀၀၂ ရက်နေ့ တနင်္ဂနွေနေ့မှာ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော် နာမ၌ ဘုရားသခင်ရှေ့ လူရှေ့မှာ နှစ်ခြင်းမင်္ဂလာကို ခံယူခဲ့ပါတယ်။ ကျွန်မ တို့တွေ အမှန်တကယ် နောင်တနှလုံးသားနဲ့ ဘုရားသခင်ဆီ ပြန်လာတဲ့အခါ မေးမိန်ခြင်းမရှိတဲ့ တဘက်သတ် မေတ္တာတွေနဲ့ ဘုရားသခင်ဟာ ကမ်းလင့်လို့ ကြိုနေပါတယ်ဆိုတဲ့ အကြောင်း သက်သေမှတ်တမ်းလေးနဲ့ သက်သေခံပါရစေ။ ။ **( ချမ်းချမ်းမျိုး )**



အမေ ...
SARS တဲ့
ကပ်ရောဂါ ဆိုလား ၊
ကြပ်ရောဂါ ဆိုလား ။
ရောဂါဖြစ်တာချင်း အတူတူ
နေတဲ့ လူ နေ ၊
သေတဲ့လူ သေ သွားပြီလေ ။

အမေရေ ...
လာပြန်ပြီ နောက်တစ်မျိုး
**BIRD FLU** ဆိုလား ၊
ကြက်ရူးဆိုလား ။
ထူးလဲထူးတဲ့ ရောဂါတွေ
ခွေတဲ့လူခွေ
ကြွေတဲ့လူကြွေ သွားပြန်ပြီလေ။

အမေ ...
AIDS တဲ့
တိတ်တိတ်လေးနဲ့ ဟိန်းဟောက်၊
ကမ္ဘာကို ခြိမ်းခြောက်ခဲ့ပြီ ။
ကူတဲ့လူက ကူ
ထူတဲ့လူက ထူ
ညစ်တဲ့လူက ညစ်နေပေမဲ့
ချစ်တဲ့လူက ချစ်နေဆဲဘဲလေ။




အမေ ...
သဘာဝ ဘေးဒဏ်တဲ့
ရေကြီး လေကြီး ၊
မိုးတွေကြီးလို့
ဒုက္ခ ရောက်သူ ရောက်
သုခ ပျောက်သူတွေ ပျောက်ကုန်ပြီ။


အမေ ...
စစ်မဲ့ ဘေးဒဏ်တွေ
အချစ်မဲ့ တေးသံတွေ
ဒီကြားထဲ...
ငိုနေတဲ့ ကလေးတွေ
လိုနေတဲ့ ဆေးတွေ
ကြိုနေတဲ့ ဘေးတွေ

အမေ ...
ကျွန်တော်တို့တွေဟာ
လောက ကမ္ဘာသား တွေလား ၊
လောက စေရာ သွား တွေလား ။
တစ်ချို့က ...
ကျေးဇူးတော် ကာလ အကုန်လို့ဘဲ ပြောပြော၊
ဒုက္ခကာလ အစလို့ဘဲ ဆိုဆို ။
ကျွန်တော် ထင်တယ် -
ကောင်းကင်နိုင်ငံ တည်လုပြီ။ ။

# စင်ကာပူဂျင်

ယမန်နှစ်က စင်ကာပူဝယ်
ဒေါ်လာငွေစား သကောင့်သားသည်
မိဘများက ခြံမြေရောင်း၍
နိုင်ငံခြားသို့ ပို့ပါသော်လည်း
ပညာမညွတ် အောက်ခြေလွတ်၍
'စင်ကာပူဂျင်' နာမည်တွင်ပြီး
အရက်ပုန်း ဘီယာ ၊ ရွက်ပုန်း ကညာနှင့်
သောက်စားပျော်ပါး ၊ ကြုံရာသွားပြီး
မူးရမ်းကားသော် ...

ဒေါ်လာငွေရှုံး လူလဲပြုန်း၍
'အေအိုင်ဒီအက်စ်' ခေါင်းပေါ် ရွက်ပြီး
လေယာဉ်ပျံစီး ရွာသို့ ပြန်စဉ် -
ခရီးရောက်မဆိုက် ရောဂါခိုက်၍
အသက်ဝိညာဉ် ချုပ်လေ၏
ကောင်သေ မြေသို့ မြုပ်လေသတည်း။ ။




(စင်ကာပူရောက် ကိုကိုဂျင် များအတွက် သတိပေး ကဗျာ )
ခရစ်တော်၏မေတ္တာဖြင့်
**[ သားတော်မောင်အလိမ္မာ ]**


ကျွန်တော် ငယ်ငယ်တုန်းက သူရဲကောင်း ဆိုတာ ရာဇဝင်သမိုင်း၊ ဝတ္ထုတွေ၊ ပုံပြင်တွေထဲမှာ ဒါမှမဟုတ် အမေရိကန်ဟောလီးဝုဒ် အက်ရှင်ဇာတ်ကြမ်း ရုပ်ရှင် တွေထဲမှာဘဲ ရှိတယ်လို့ ထင်ခဲ့မိပါတယ်။ အသက်နဲနဲ ရလာတော့မှ သူရဲကောင်း ဆိုတာ အိမ်မှာ၊ အလုပ်ရုံထဲမှာ၊ စာသင်ကျောင်းတွေမှာ၊ လမ်းမပေါ် မှာ ရှိတယ်ဆိုတာ သိလာရပါတယ်။

**၁ ။ ဘယ်သူတွေက သူရဲကောင်း တွေလဲ။**

သူတို့ဟာ သာမာန်လူတွေပါဘဲ၊ ဒါပေမဲ့ သူတို့ဆီမှာ သူများတွေထက် သာတဲ့ အချက်တစ်ချို့ ရှိနေပါတယ်။ သူတို့ဟာ လူတွေကြားထဲမှာ လှုပ်ရှား သက်ဝင်နေရင်းနဲ့ နေ့စဉ် အသက်ရှင်နေတဲ့ သူတွေပါဘဲ။ သူတို့ဟာ ကိုယ်ခန္ဓာအားဖြင့် သေးငယ်ကောင်း သေးငယ်ကြပါလိမ့်မယ်။ ကိုယ်လက်အင်္ဂါ ချို့တဲ့ကောင်း ချို့တဲ့နေပါလိမ့်မယ်။ ဒါပေမဲ့ သူတို့ရဲ့ နှလုံးသား ကတော့ ကြီးမားကျယ်ဝန်းလှပါတယ်။ သူတို့ရဲ့ အိမ်မက်စိတ်ကူး နဲ့ ရည်မှန်းချက်တွေ ဟာလဲ ကြီးမားကျယ်ပြန့် လှပါတယ်။ တစ်ခါ တစ်ရံမှာတော့ သူတို့ဟာ သေးငယ်လှတဲ့ အမှုအရာလေး တွေကို ကြီးကျယ်တဲ့ နည်းလမ်းနဲ့ ဖြေရှင်းပြီးတော့ ဘုရားသခင်ရဲ့ ဘုန်းတော် ကို ကိုင်လှုပ် နိုင်ခဲ့ကြပါတယ်။ ယောဘ ဝတ္ထုထဲမှာ –

**သင်သည် အစအဦး၌ ငယ်သော်လည်း၊ နောက်ဆုံး၌ အလွန် ကြီးပွားလိမ့်မည်။**

လို့ပြောထားပါတယ်။ ( ယောဘ ၈း၇)




**၂ ။ သူတို့ တွေဟာ သူညလူသား ဘဝကနေ သူရဲကောင်းများ ဘဝကို ရောက်လာတဲ့ သူတွေဖြစ်ပါတယ်။**

သူရဲကောင်း ဆိုတာ သူတို့ရဲ့ ဘဝကို မျက်ရည်၊ ချွေးစက်၊ ဒဏ်ရာတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ သူတွေဖြစ်ပါတယ်။ တစ်ခြားလူတွေက နှစ်ခြိုက်စွာ အိပ်မောကျနေချိန်မှာ သူတို့က နိုးကြားနေတဲ့သူတွေ ဖြစ်တယ်၊ တစ်ခြားလူတွေက တုံဏှိဘာဝေ စမ်းတဝါးဝါး ဖြစ်နေချိန်မှာ သူတို့က ဖျတ်လတ်တက်ကြွ နေပါတယ်။ တစ်ခြားလူတွေက သူတို့လိုအပ်တဲ့ အရာတွေကို လူအချင်းချင်း လက်ဖြန့်တောင်းတတ်ကြပေမဲ့ သူရဲကောင်းတွေကတော့ လိုအပ်လာရင် ကောင်းကင်တံခါးကို ခေါက်လေ့ရှိပါတယ်။ သူတို့တောင်းထားတဲ့ အဖြေ မရမချင်း စိတ်ရှည်ရှည်နဲ့ စောင့်ဆိုင်းတတ်ပါတယ်။

**၃ ။ သူတို့ ဟာ သေးငယ်ပြီး သာမာန်လူသားတွေဖြစ်ကြပေမဲ့ အနန္တတန်ခိုးရှင် ဘုရားသခင်က သူတို့ ရဲ့ လုပ်ရပ်တွေကို မှတ်တမ်းတင် ရေတွက်ထားပါတယ်။**

၁ကော ၁း၂၇ ထဲက ကျမ်းစကားကို မမေ့သင့်ပါဘူး။

**ဘုရားသခင်သည် ပညာရှိတို့ကို ရှက်ကြောက်စေခြင်းငှာ လောကီအရာ၌ မိုက်မဲသောသူတို့ကို ရွေးကောက်တော်မူ၏။ အစွမ်းသတ္တိရှိသော သူတို့ကို ရှက်ကြောက် စေခြင်းငှာ လောကီအရာ၌ အားနည်းသောသူတို့ကို ရွေးကောက်တော်မူ၏။ မြတ်သောသူတို့ကို ရှက်ကြောက်စေခြင်းငှာ လောကီအရာ၌ ဆင်းရဲသောသူ မရေရသော သူ၊ ယုတ်သောသူတို့ကို ရွေးကောက်တော်မူ၏။**

ဘုရားသခင်ရဲ့ စီးပွားရေးလုပ်ငန်းမှာ ဘယ်အရာမှ အလဟဿ မဆုံးရှုံးရအောင် ဘုရားသခင်က စီမံထားပါတယ်။ ဟာလေလုယာ ။

လွန်ခဲ့တဲ့ ရက်သတ္တပါတ်အတွင်းက အီစွတ်ပုံပြင်တစ်ပုဒ်ကို ဖတ်ခဲ့ဖူးပါတယ်။ အဲဒီပုံပြင်ထဲမှာ သမင်ဖိုတစ်ကောင် အကြောင်း ရေးထားပါတယ်။ အခုအချိန်မှာ ဒီဆောင်းပါးလေးနဲ့ ကိုက်ညီတဲ့အတွက် အနည်းငယ် ဖော်ပြချင်ပါတယ်။

ပုံပြင်လေးကတော့ ...

တစ်ခါက ပူပြင်းတဲ့ နေ့လည်ခင်းအချိန်မှာ သမင်တစ်ကောင်ဟာ ရေဆာတဲ့အတွက် ချောင်းစပ်နားကို ရေသောက်ဆင်းလာခဲ့ပါတယ်။ ရေသောက်ရင်း ကြည်လင်တဲ့ ရေမျက်နှာပြင်ပေါ်က ရောင်ပြန်ဟပ် မြင်နေရတဲ့ သူ့အရိပ်ကို သမင်ဖိုက သတိပြုမိသွားတယ်။ စွင့်ကားချွန်မြ နေတဲ့ ချိုကားကား၊ ဖွံ့ထွားတဲ့ ရင်အုပ်ထွားထွားနဲ့ လည်ဆံမွေးဖွားဖွားကို မြင်လိုက်ရတဲ့ သမင်ဖိုကြီးဟာ သူ့ကိုယ်သူ သိပ်ပြီး ဘဝင်မြင့်သွားတယ်။ သူ့ခန္ဓာကိုယ်ပေါ်က ဂုဏ်ယူစရာ ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေအတွက် ကျေနပ်နေတဲ့အချိန်မှာ တစ်ဆက်တည်းမှာဘဲ သူ့ခြေထောက် သေးသွယ်သွယ်လေးကိုပါ ရေပြင်ရဲ့ အရိပ်မှာ သတိပြုမိသွားပြန်ပါတယ်။ ကြည့်ရတာ ရုပ်ဆိုးတဲ့အပြင် အားရစရာ တစ်ကွက်မှာ မရှိတဲ့ ရွှံ့တွေပေကျံနေတဲ့ သူ့ခြေထောက်တွေကို ကြည့်ပြီး သမင်ဖိုကြီးဟာ စိတ်အပျက်ကြီး ပျက်သွားမိတယ်။ ဒေါသလဲ ထွက်သွားတယ်။ သူ့ကိုယ်ခန္ဓာမှာ ဒီခြေထောက်တွေဟာ မရှိရင် သူဟာ အပြစ်ပြောစရာ လုံးဝမရှိတဲ့ အလှဘုရင်တစ်ပါး ဖြစ်သွားနိုင်တယ်လို့ သူ့ကိုယ်သူ ပြန်ပြောလိုက်တယ်။

အဲဒီအချိန်မှာဘဲ ချုံထဲက လှုပ်ရှားသံတစ်ခုကို ကြားလိုက်ရတဲ့အတွက် လှည့်အကြည့်မှာ သူ့ကို ခုန်အုပ်ဖို့ချောင်းမြောင်းနေတဲ့ ခြင်္သေ့တစ်ကောင်ကို တွေ့လိုက်ရတယ်။ ကျင့်သားရနေတဲ့ ခြေထောက်တွေက ရုတ်ချည်း ခုန်ထွက်ပြီး ရန်သူ့လက်က လွတ်အောင် အစွမ်းကုန် ပြေးထွက်လိုက်ပါတယ်။ တမဟုတ်ချင်း သူဟာ ရန်သူ့ လက်ကလွတ်ပြီး တော်တော်ဝေးဝေးကို ပြေးနိုင်ခဲ့ပါတယ်။ အဲဒီလို ပြေးနေတဲ့အချိန်မှာဘဲ သူ့ရဲ့ ခန္ဓာတစ်ခုလုံးကို ဆက်ပြေးလို့မရအောင် တစ်စုံတစ်ခုက ရုတ်ချည်း ဖမ်းဆွဲထားသလို ခံလိုက်ရတာမို့ မော့အကြည့်မှာ ကြီးမား ကျယ်ပြန့် လှပခန့်ငြား လှပါတယ်လို့ သူအထင်ကြီးနေတဲ့ သူ့ရဲ့ ဦးချိုကားကားဟာ သစ်ပင်ချုံထူထူနဲ့ ငြိပြီး ဆက်ပြေးလို့ မရတော့ပါဘူး။ အဲဒီအချိန်မှာ ရန်သူ ခြင်္သေ့ကြီးကလဲ သူ့ကို ခုန်အုပ်ဖို့ ပြင်နေပါတယ်။ ရန်သူ့လက်ထဲ အသက်ပျောက်လုဆဲအချိန်မှာ နောက်ဆုံး သူ့ရဲ့ စွမ်းအားကို ခြေထောက် သေးသွယ်သွယ်ပေါ် အားထဲ့ပြီး ခုန်ပေါက်ဆောင့်ရုန်းလိုက်ပါတယ်။ နောက်ဆုံးမှာ သူဟာ ချုံထဲက လွတ်သွားပြီး ရန်သူ့လက်က လွတ်အောင် အဝေးဆုံးကို ပြေးထွက်သွားနိုင်ခဲ့ပါတယ်။

အဲဒီ သွေးပျက်စရာ အတွေ့အကြုံလေးအားဖြင့် သူအထင်တကြီးနဲ့ အမြတ်တနိုးဖြစ်နေတဲ့ အရာက သူ့ကို အန္တရာယ်စက်ကွင်းထဲ ကျရောက်စေပြီး သူ အထင်မကြီး မလေးစားတဲ့ အရာက သူ့အသက်ကို ကယ်ခဲ့တယ်ဆိုတဲ့ အချက်ပါဘဲ။ တစ်ခါတစ်ရံမှာ လူသားတွေက သာမာန် အရာလို့ ထင်ထားတဲ့ အရာတွေဟာ ပိုပြီးတော့ အရေးပါ အရာရောက် သွားတတ်ပါတယ်။

ဖိလေမုန်ဩဝါဒ စာစောင်ထဲမှာ သခင့်အိမ်က ထွက်ပြေးလာပြီး အကျဉ်းကျခံနေရတဲ့ ဩနေသိမ် ဆိုတဲ့ ကျွန်တစ်ယောက်အကြောင်း ရေးထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ တမန်တော်ရှင်ပေါလုနဲ့ ဩနေသိမ်တို့ဟာ ထောင်ထဲမှာ ဆုံတွေ့ခဲ့ကြတဲ့အတွက် ပေါလုက ဩနေသိမ်ရဲ့ သခင် ဖိလေမုန်ဆီကို တောင်းပန်စာ ရေးပြီးတော့ ဩနေသိမ်ကို ပြန်ပြီးခွင့်လွှတ်လက်ခံဖို့ အသနား ခံခဲ့ပါတယ်။

**သင်သည် အထက်က အသုံးမရသောသူ၊ ယခုတွင် ငါနှင့်သင်သည် အသုံးရ သောသူ ဩနေသိမ် အဖို့ ငါတောင်းပန်ပါ၏။ ဖိလေမုန် – ၁း၁၁**

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာရှိနေတဲ့ သာမာန်သူရဲကောင်းများကို ဂုဏ်ပြု ကြပါစို့၊ ကျွန်တော်တို့ ကိုယ်တိုင်လဲ သာမာန်သူရဲကောင်းများ ဖြစ်အောင် ကြိုးစားကြပါစို့။ ။

**( မင်းအောင်သက်လှိုင် )**

ဝန်ခံချက် ။ ။ **WAR CRY November 2003** မှ **Major P. Kunam** ရေးသားသော **ORDINARY HEROES** ဆောင်းပါးအား ဆီလျော်အောင် မြန်မာဘာသာ ပြန်ဆိုပါသည်။